# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၅၃)ရက်မြောက်နေ့ အစီအစဉ်

# [ ၃၀-၈-၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးတင်လှ၊ ဇေယျာသီရိ မဲဆန္ဒနယ်၏ **နေပြည်တော်မြို့နယ်၊ ရွှေဟောင်းသံစောင်းတန်းနှင့် ပိဋကတ်သုံးပုံ ကျောက်စာတိုက်ကို ပြုပြင်မွမ်းမံပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဌေးလွင်(ခ) ဦးဒီလုံး၊ နမ့်စန် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်အတွင်း လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ရာတွင် (၃၃) ကေဗွီလိုင်း (၂) မိုင်နှင့် (၅)မိုင်အတွင်းတွင် တည်ရှိသော လွယ်ကျန့်ကျေးရွာ၊ တွန်တီးကျေးရွာ၊ ပုတ်ပြန်ကျေးရွာ ၊ လွိုင်ဖွီးကျေးရွာ ၊ နမ့်ကျုတ်ကျေးရွာ ၊ ဝမ်လုံကျေးရွာနှင့် ဟိုက်ဖတ်ကျေးရွာများအား NEP နှင့် KFW စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **မင်းတုန်းမြို့နယ်၊ မြို့နယ် လျှပ်စစ်မှုုရုံးတွင် အမှန်တကယ်လိုအပ်နေသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **ဖောင်းပြင်မြို့နယ်အား (၂၄) နာရီ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ပင်လည်ဘူးမြို့နယ်မှ ဓာတ်အားလိုင်းသွယ်တန်း၍ ဓာတ်အားပို့လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **ဆရာ၊ ဆရာမ လိုအပ်ချက် အတွက် ပညာရေးတက္ကသိုလ်ဆင်းနှင့် ပညာရေးကောလိပ်ဆင်းများကို ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်းရှိ တက္ကသိုလ်လေ့လော့အသင်းပိုင် အဆောက်အဦကို ငှားရမ်းထားခြင်းမှ ရုပ်သိမ်းရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်စန်းစန်းအိ၊ မိုးညှင်း မဲဆန္ဒနယ်၏ **မိုးညှင်းမြို့ ဒီဂရီကောလိပ်၏ ကျောင်းဝင်းမြေနေရာကို အကျယ်အဝန်းပြန်လည် တိုင်းတာသတ်မှတ် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၏ **ဗန်းမော်မြို့နယ်၊ နည်းပညာ တက္ကသိုလ်ရှိ အစိုးရပိုင်ကျောင်း အဆောင်များ ရေမီးအစုံရရှိပြီး ကျောင်းသား၊ ကျောင်းသူများ ကျောင်းပြင်ပ ပညာလေ့လာနိုင်ရန် အတွက် Wi-Fi တပ်ဆင်ထုတ်လွှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။